

## ငွေရည်ဖွဲ့

(ခွင့်ထူးပန်)

# ချစ်လို့လက်ထပ်ခဲ့တာပါ မောင်

# ချစ်လို့လက်ထပ်ခဲ့တာပါ `မောင်´
## အပိုင်း(၁)

"သား ... နိဂုံး ဒီနားခဏလာဦး ..."

ဒေါ်အက္ခရာ ကုမ္ပဏီက ပြန်လာတဲ့ သားဖြစ်သူကို သူမအနားခေါ်လိုက်သည်။ ဒေါ်အက္ခရာနဲ့ နိဂုံးချုပ်က အမေတစ်ခု သားတစ်ခု ဘဝနဲ့နေလာတာ။ သူမရဲ့သားဖြစ်သူ နိဂုံးချုပ်က သူမတို့ ဘိုးဘွားစဉ်ဆက်ပိုင်လာတဲ့ ... ရောင်စဉ်ဆိုတဲ့ ကုမ္ပဏီကြီးကို ဦးဆောင်လုပ်ကိုင်ပေးနေတဲ့ သူမရဲ့ တစ်ဦးတည်းသောသား။ အဲဒီလို နာမည်ကြီး ကုမ္ပဏီကို ဦးဆောင်နေတဲ့CEOက ငယ်ငယ်ရွယ်ရွယ်လေးဆိုတော့ သမက်ဖမ်းချင်သူတွေ။ ပိုက်ဆံမက်လို့ကပ်နေတဲ့ မိန်းမလည်တွေ။ အသေရရ အရှင်ရရ လိုချင်နေကြတဲ့ မုဆိုးမ တစ်ခုလပ်တွေက လုပ်ငန်းအကြောင်းပြကာ ... သူမရဲ့သားဖြစ်သူနားကို ကပ်နေတာကြောင့် သူမလည်း အခုကိစ္စကိုပြောဖို့ ဆုံးဖြတ်လိုက်တာဖြစ်သည်။

နိဂုံး ရောက်နေတာကြာပြီ ... မာမီဘာမှမပြောသေးလို့ စောင့်နေရတာ စိတ်မရှည်တော့တာနဲ့ ... မာမီ့ကို သတိပေးလိုက်သည်။

"မာမီ ... မာမီ ... သားကို ခေါ်တာ ဘာပြောမလို့လဲ ..."

ဒေါ်အက္ခရာ သားဖြစ်သူခေါ်မှပဲ ပြောမယ့်စကားကို သတိရတော့သည်

"ဩော် ... သား ... ရော့ ... မာမီဘာမှတော့ ထွေထွေထူးထူး မပြောလိုဘူး ဒီပုံလေးကို အရင်ကြည့်လိုက်ပါ ..."

နိဂုံးလည်း မာမီပြတဲ့ ပုံလေးကိုကြည့်လိုက်သည်။

***

"သမီး ကြွေ ပြန်လာပြီလား ..."

ကြွေ ဆိုင်ကနေ ပြန်လာတော့ ဧည့်ခန်းထဲမှာ ထိုင်နေတဲ့မေမေ့ ခေါ်သံကြောင့် ... ခေါင်းညိတ်ပြပြီး မေမေ့အနား သွားထိုင်လိုက်သည်။

"မေမေ ... ကြွေ့ကို ပြောစရာရှိလို့လား ..."

"အပေါင်း ... မေမေ့သမီးလေးက သိလှချည်လား ..."

"အဲဒီလိုမဟုတ်ပါဘူး မေမေရဲ့ ... မေမေက အရင်နေ့တွေဆို အခန်းထဲမှာပဲ ဖေဖေပြန်အလာကို စောင့်တာလေ ဒီနေ့မှ ထူးထူးဆန်းဆန်း ဖေဖေလည်း ပြန်မလာသေးဘူး ကြွေ့ကို ခေါ်တာဆိုတော့ ပြောစရာရှိတယ်လို့ ကြွေထင်လို့ပါ မေမေ ..."

ဒေါ်ပုလဲခင် သမီးဖြစ်သူ ကြွေရဲ့စကားကို ခေါင်းညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ်သမီး ... ပြောစရာရှိတယ် ဆိုတာထက် ပြစရာရှိလို့ပါ သမီး ... ရော့ကြည့်လိုက် ..."

ကြွေလည်း မေမေကမ်းပေးတဲ့ ပုံလေးကို ယူကြည့်လိုက်သည်။

***

နိဂုံးပုံထဲက လူကိုကြည့်ရတာ သူ့ထက် အသက်ကြီးမယ့်ပုံပဲ ... ဒါပေမဲ့ လှတော့လှတယ် ယဉ်ယဉ်လေးနဲ့လှတာ ရှည်လျားနက်မှောင်နေတဲ့ ဆံနွယ်တွေကို တစ်ဝက်လောက်စည်းပြီး အောက်ကိုဖြန့်ချထားကာ ပါးပြင်က သနပ်ခါးပါးကွက်ကြားလေးနဲ့ အနက်ရောင် ရင်ဖုံးလက်ရှည်လေးကို ရိုးရိုးလေးချုပ်ဝတ်ထားက တစ်မျိုးလေးနဲ့ ကြည့်လို့ကောင်းတယ် ... ဒါပေမဲ့မာမီဘာလို့ ဒီပုံပြလဲဆိုတာ သူမသိဘူး။

"သား ... ကြည့်ပြီးပြီလား ..."

"ဟုတ် ကြည့်ပြီးပြီ မာမီ ..."

"သူက ကြွေမျက်ဝန်းတဲ့ မန္တလေးက ပုလဲရတနာ ပိုးထည်တိုက်ပိုင်ရှင် မာမီ့သူငယ်ချင်း ပုလဲခင်ရဲ့ သမီးလေးလေ ... သားနဲ့လူကြီးချင်း သဘောတူထားတဲ့ သူလေးပေါ့ ..."

"ဗျာ ..."

***

"ရှင် ... မေမေ ကြွေနဲ့ သဘောတူထားတဲ့သူ ဟုတ်လား ... သူကကြွေ ထက်တောင် ငယ်ဦးမယ်မေမေ ..."

"ငယ်တော့ ဘာဖြစ်လဲသမီးရဲ့ အလွန်ဆုံးငယ်လှ ၅နှစ်ပေါ့ ... မေမေ့ သူငယ်ချင်းကလည်း သူ့သားကို တခြားဗရုတ်သုတ်ခ ကောင်မလေးတွေနဲ့ ရသွားမှာ စိုးရိမ်နေတာလေ ... သိတဲ့အတိုင်းပဲ သမီးရယ် အခုခေတ်က ပိုက်ဆံချမ်းသာပြီ ဆိုတာနဲ့ အသက်ကြီးတာ ငယ်တာထည့်မတွက်ဘူး လိုချင်နေကြတာ ... မေမေ့သူငယ်ချင်းလည်း အဲဒါတွေပဲ စိတ်ညစ်နေရတာ သူ့သားငယ်ငယ်ချောချောလေးကို ... တစ်ခုလပ် မုဆိုးမပါမကျန် အိမ်ထောင်သည်တွေကအစ လိုချင်ကြတော့ စိတ်ပူနေတယ် ... ဒါကြောင့် လည်း မေမေတို့ အခုလိုစီစဉ်ရတာပါ ..."

"သမီး နားလည်ပါတယ် မေမေ ... "

"ဝမ်းသာလိုက်တာ ဒါဆိုသမီး ... လက်ခံလား ..."

ကြွေလည်း အသက်၃၀အရွယ် ဆိုပေမဲ့ ထိုပုံထဲက ကောင်လေးကိုမြင်ပြီး သူ့ရဲ့ နှလုံးသားလေးက ဆယ်ကျော်သက် တစ်ယောက်လို ခုန်ပေါက်သွား တာ သူသာအသိဆုံး ...။ ဘယ်အသက် ဘယ်အရွယ်ပဲ ရောက်ရောက် အချစ်

နဲ့တွေ့ရင်တော့ ... ငယ်သွားတာအမှန်ပဲ။ ဒါကြောင့်ကြွေလည်း ... မေမေ မေးတာကို ရှက်ရှက်နဲ့ဖြေရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ် ... သမီးလက်ခံပါတယ် မေမေ ..."

***

"သားကတော့ လုံးဝ လက်မခံနိုင်ဘူး မာမီ ..."

"ဘာလို့လဲသား ... သမီးလေးကို သားထက် အသက်ကြီးလို့တော့ မပြောနဲ့နော် ... ၅နှစ်ဆိုတာ ဘာကွာတာမှတ်လို့လဲ ... သမီးလေးကို မင်းကြည့်ကြည့် အသက်၃၀အရွယ်လို့ ထင်ရက်စရာရှိလို့လား ..."

"မသိဘူးဗျာ ... ဘာပဲဖြစ်ဖြစ် သားကတော့ ကိုယ်မချစ်တဲ့သူနဲ့ လက်မထပ်နိုင်ဘူး ... မာမီသိရဲ့သားနဲ့ဗျာ ... သားမှာမဟေသီ ရှိတယ်လေ သား မဟေသီကိုပဲ ချစ်တာ ..."

"အေးသိတယ် ... သိလို့လည်း အခုလိုသမီးလေးကြွေနဲ့ စီစဉ်တာပေါ့ ... မင်းရဲ့ချစ်လှစွာသော မဟေသီရဲ့ အကြောင်းကို မင်းဘယ်လောက်သိလို့လဲ နိဂုံး ... ငါ့ကိုဘာမှထပ်မပြောနဲ့ ငါကမင်းရဲ့အမေ ငါကောင်းသလို စီစဉ်တာကို မင်းတစ်ခုမှ ကန့်ကွက်စရာမလိုဘူး ... ငြင်းလည်း ငြင်းပိုင်ခွင့်မရှိဘူး နိဂုံးချုပ် ..."

နိဂုံးလည်း မာမီ့ စကားကြောင့် ခေါင်းညိတ်လိုက်ပြီး

"ကောင်းပြီလေ ... လုပ်ပေါ့ ... မာမီလုပ်ချင်သလိုသာ လုပ်တော့ ... တစ်ခုပဲမာမီ ... နိဂုံးချုပ်ဆိုတဲ့ကျုပ်က ... မာမီတို့ ပေးစားလို့ သူ့ကိုယူလိုက်မယ် ဒါပေမဲ့ အဲ့ဒီ ကြွေမျက်ဝန်းဆိုတဲ့ မိန်းမကို ဘယ်လိုနိဂုံးချုပ်ပေးမလဲ ဆိုတာတော့ သူနဲ့ယူပြီးတဲ့ တစ်နေ့ မာမီတို့ စောင့်ကြည့်နေပေါ့ ..."

ပြောပြီးတာနဲ့ နိဂုံးတစ်ယောက် ဓာတ်ပုံကိုပစ်ချကာ အပေါ်ထပ် ပြေး

တက်သွားသည်။

နိဂုံးရဲ့ စိတ်ထဲမှာတော့ ကြွေမျက်ဝန်းအပေါ် အမုန်းတရားတွေက စတင်ပေါက်ဖွားလာခဲ့တယ်။

***

"မေမေဒါဆို ကြွေသွားနားတော့မယ် ..."

"အေးအေး သမီး ..."

ကြွေတစ်ယောက် မေမေ့ကို ပြောပြီးတာနဲ့ ... ထိုကောင်လေးရဲ့ ဓာတ်ပုံကို ယူကာ ... အခန်းထဲ ဝင်လာခဲ့သည်။

ကြွေ့စိတ်ထဲမှာတော့ ... ထိုကောင်လေးကို ဓာတ်ပုံထဲမှာတင် မြင်မြင်ချင်းပဲ စွဲလမ်းသွားကာ ... ထိုကောင်လေးပေါ် ချစ်စိတ်တွေက ခဏလေးအတွင်းမှာတင်ပဲ ပေါက်ဖွား လာခဲ့တော့တယ်။

ကြွေ ပြုံးကာ လက်ထဲက ပုံလေးကို ကြည့်ပြီး

"မောင် ... မ ... မင်းကို မောင်လို့ခေါ်မယ်နော် ... မရဲ့ အချစ်တွေကို မင်းသိမ်းပိုက်သွားပြီသိလား ... မင်းကတော့ ဘယ်လိုနေမယ် မသိပေမဲ့ ... မကတော့ မင်းရဲ့ပုံကို မြင်မြင်ချင်းပဲ ချစ်ခဲ့မိပြီ ... မ ... ရဲ့သိက္ခာတွေ ကျသွားသလားမောင် ... ဒါပေမဲ့ မ ... မင်းအတွက် သိက္ခာတွေ ကျမယ်ဆိုလည်း ကျေနပ်ပါတယ် ... ဘာလို့လဲဆိုတော့ မင်းက မ ဘဝရဲ့ ပထမဦးဆုံး ချစ်ရတဲ့သူမို့လေ ..."

ကြွေတစ်ယောက် ပြောကာ ... ဓာတ်ပုံလေးကို ရင်ဘတ်ပေါ်တင်ရင်း ... ခုတင်ပေါ်မှာ ခဏတာ မှေးစက်လိုက်သည်။

***

## အပိုင်း(၂)

"မောင် ... မ ... ကိုချစ်လားဟင် ..."

"ချစ်တာပေါ့ မရဲ့ ... မောင်လေ ... မ ရဲ့ပုံကို မြင်မြင်ချင်း ချစ်ခဲ့တာ ..."

"ဟယ် ... တကယ်လားမောင် ... ဒါဆို မနဲ့တူသွားပြီသိလား ... မ လည်းလေ မောင့်ရဲ့ပုံကို မြင်မြင်ချင်း ချစ်ခဲ့တာ ..."

"ဟား ... ဟား ... "

ကြွေ သူ့စကားကြောင့် မောင်ရယ်တော့ စိတ်ဆိုးပြီး ... မောင့် ရင်ခွင်ထဲမှ ထွက်လိုက်သည်။

နိဂုံး ... သူ့ရင်ခွင်ထဲက ထွက်သွားတဲ့ မ ကို ပြုံးကြည့်ရင်း မေးခွန်းထုတ်လိုက်တယ်။

"မ ... ဘာဖြစ်လို့လဲ ... "

"ဘာဖြစ်ရမှာလဲ ... မင်းဘာလို့ မ ... ကို ရယ်တာလဲပြော ... "

"ဒါလား ... မောင်က မကိုချစ်လို့ပေါ့ ... မလည်းမောင့်လိုပဲ ဓာတ်ပုံကို မြင်မြင်ချင်းမှာပဲ စွဲလမ်းသွားတယ် ဆိုတာကြောင့် မောင် သဘောကျလို့ ရယ်တာပါ မရဲ့ ..."

"မသိဘူးကွာ ... ဘာမှ လာရှင်းပြမနေနဲ့ ..."

"ဟာ ... မနော် ရတယ်လေ ..."

ပြောပြီးတာနဲ့ နိဂုံးတစ်ယောက် ... ကြွေ ... ပခုံးကိုဆွဲကိုင်ပြီး သူ့အရှေ့ကိုလှည့်ကာ ... ကြွေ့နှုတ်ခမ်းကို နမ်းဖို့ပြင်လိုက်သည်။

ကြွေလည်း ... မောင့်ရဲ့လုပ်ရက်ကို ရှက်ရွံ့စွာ မျက်လုံးစုံမှိတ်ကာ ခံယူလိုက်တယ်။ သို့ပေမဲ့ နိဂုံးရဲ့ နှုတ်ခမ်းတစ်စုံဟာ ကြွေ့ရဲ့ နှုတ်ခမ်းလေးနား မရောက်လိုက်။ ကြားလိုက်ရတဲ့ အသံတစ်ခုကြောင့် ... ကြွေ မျက်လုံး ပွင့်လာသလို ... နိဂုံးလည်း ... နှုတ်ခမ်းချင်းထိဖို့ လမ်းတစ်ဝက် အလိုမှာတင် ရပ်တန့်သွားသည်။

"ဒေါက် ... ဒေါက် ... သမီးကြွေ ... သမီးလေး ... ကြွေမျက်ဝန်း ... "

ကြွေ တစ်ယောက် လန့်ပြီး နိုးလာခဲ့သည်။

"ရှင်မေမေ ... ကြွေနိုးပြီ ... "

"အေးအေးသမီး ... ပြီးရင် အောက်ထပ်ကို ဆင်းလာခဲ့နော် ..."

"ဟုတ် မေမေ ..."

ကြွေလည်း မေမေ့ခြေသံဝေးသွားမှ ... အိပ်မက်အကြောင်းကိုတွေးရင်း သဘောကျမိသည်။

"အဲမေမေကလည်း ... သူများအိပ်မက်ကို နှောင့်ယှက်တယ် ... အဟိ ... ဘယ်လိုလေးမှန်းမသိဘူး ... မသိရင် တကယ်ဖြစ်နေတဲ့ အတိုင်းပဲ ... အိပ်မက်ထဲမှာတောင် ဒီလောက်ကြည်နူးပြီး ပျော်စရာကောင်းနေရင် ... အပြင်မှာဆို ဘယ်လိုများနေမလဲ မသိဘူး ..."

ကြွေ တစ်ယောက်တည်းပြောရင်း ကြည်နူးနေမိသည်။

"အယ် ... ကြည်နူးနေလို့မရဘူး ငါရေချိုးရဦးမယ် ... ထပြီ ..."

ကြွေ ... အမြန်ပင် အိပ်ရာထဲမှ ထလိုက်သည်။

ကြွေ အလုပ်သွားဖို့ ကားမောင်းလာရင်း လမ်းတစ်ဝက်မှာ ဖုန်းလာတာကြောင့် ကိုင်လိုက်သည်။

"ဟယ်လို ..."

"ဟယ်လို ... ကြွေ ငါပါ ... လယမုံ ..."

"ဩော် ... အေး ယမုံပြော ..."

"နင်ဆိုင်ကို သွားနေပြီလား ... "

"သွားနေတာမဟုတ်ဘူး ယမုံရေ ... ရောက်ကိုရောက်တော့မှာ ..."

"ဟုတ်လား ... ဒါဆိုလည်း ငါနင့်ဆီကိုလာခဲ့မယ်"

"အင်း လာခဲ့လေ ယမုံ ... ငါဖုန်းချလိုက်တော့မယ်နော် ..."

ပြောပြီးတာနဲ့ ကြွေ ဖုန်းချလိုက်သည်။

"ဟျောင့် ... နိဂုံး မင်း စေ့စပ်တော့မယ်ဆို ..."

နိဂုံးတစ်ယောက် အခန်းထဲ ဝင်လာလာချင်း မေးလာတဲ့ သူငယ်ချင်းဖြစ်သူရဲ့ စကားကြောင့် အံ့ဩသွားသည်။

"မင်းဘယ်လိုသိတာလဲ မျိုးကြီး ..."

မျိုးကြီးနဲ့ချစ်မင်း ... နိဂုံး ထိုင်နေတဲ့ခုံနား ဝင်ထိုင်လိုက်ကြပြီး ... မျိုးကြီးက စကားစလိုက်သည်။

"နိဂုံးရာ ... မင်းစေ့စပ်တော့မယ်ဆိုတာက လွန်ခဲ့တဲ့ ၂ရက်လောက်ကတည်းက သတင်းပြန့်နေတာကွ ..."

"ဘာ ..."

မျိုးကြီးစကားကြောင့် နိဂုံးအံ့ဩလွန်းလို့ ... အော်လိုက်သည်။

"တိုးတိုးအော်ပါ နိဂုံးရာ ..."

"တိုးတိုးအော်လို့ မရဘူး မျိုးကြီး ... ဒီအကြောင်းကို ငါမနေ့ကမှ သိတာ ... အခုမင်းတို့ပြောမှ ၂ရက်လောက်ရှိပြီမှန်း သိရတာ"

"၂ရက်မဟုတ်ဘူး နိဂုံး ... ဒီနေ့နဲ့ဆို ၃ရက် ... မင်းကုမ္ပဏီလာတော့

လည်း ဝန်ထမ်းတွေက ဒီအကြောင်းပဲ ပြောနေတာ ..."

နိဂုံး ... ချစ်မင်းပြောမှ သတိရသွားသည်။ ဒါကြောင့် ကုမ္ပဏီထဲကို ဝင်လာလာချင်း ... ဝန်ထမ်းတွေက သူ့ကြည့်ပြီး သဘောကျနေတာကိုး ...။

"ဟျောင့်နိဂုံး ... မင်းဒီအကြောင်းတွေကို မဟေသီ သိပြီလား ... "

"ငါလည်း မပြောတတ်တော့ပါဘူး ချစ်မင်းရာ ... အခုလောက်ဆို မဟေသီ သိလောက်ရောပေါ့ ... "

"ဒါလည်း ဟုတ်တာပဲ ..."

"အဲဒါ ဟိုမိန်းမကြောင့်ဖြစ်ရတာ."

အကောင်းကနေထပြီး ဖောက်လာတဲ့နိဂုံးရဲ့စကားကြောင့် ချစ်မင်းနဲ့မျိုးကြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ခေါင်းယမ်းလိုက်ကြသည်။

"ဘယ်မိန်းမလဲ နိဂုံး ..."

"ကြွေမျက်ဝန်း ... "

"ဘာ ... ကြွေမျက်ဝန်း ဟုတ်လား ..."

"ဟုတ်တယ် ..."

"သူက ဘယ်သူလဲ ... "

"ဘယ်သူကမှာလဲ မင်းတို့ပြောတဲ့ ငါနဲ့ စေ့စပ်ပေးမယ်ဆိုတဲ့ မိန်းမရဲ့ နာမည် ..."

"ဟ ... နာမည်က လန်းလှချည်လား ... နိဂုံးရ ... မင်းရင်မခုန်ဘူးလား "

"ဝေးသေး ချစ်မင်းရေ ... ငါ့ရင်ထဲ အသည်းထဲမှာ နေရာယူထားတာ မဟေသီပဲ ... ကြွေမျက်ဝန်း ဆိုတာနဲ့ မင်းတို့က သူ့ကိုလှတယ်လို့ ထင်နေ

တာလား ..."

သူစကားကြောင့် မျိုးကြီးက မေးလိုက်သည်။

"မလှဘူးလား ... နိဂုံး ... "

"မဟေသီရဲ့ ခြေဖျားတောင်မရှိဘူး ..."

တကယ်တော့ နိဂုံး ညာပြောလိုက်တာပါ။ ညာတယ်ဆိုတာကလည်း ကိုယ်မုန်းတဲ့ မိန်းမတစ်ယောက်ရဲ့ အလှကို တခြားသူတွေနဲ့ ပါးစပ်အရသာခံပြီး မပြောချင်တာဆို ပိုမှန်မယ်။ အမှန်တိုင်းသာဆိုရင် ... ကြွေမျက်ဝန်းဆိုတဲ့ မိန်းမက မဟေသီထက် ပိုလှ ပိုချောပြီး ကျက်သရေရှိတာ သူသိပေမဲ့ မပြောချင်ဘူး။

"ဟျောင့် ... ဟုတ်လို့လား နိဂုံးရ ..."

"မင်းတို့ယုံချင်ယုံ မယုံချင်နေ ... နိဂုံးချုပ်ဆိုတဲ့ငါက တစ်ဖက်သားယုံကြည်အောင် မရှင်းပြတတ်ဘူး ... "

"အေးပါကွာ ... ငါမှားပါတယ် ... ဟုတ်ပြီလား ... "

ချစ်မင်း စကားကို နိဂုံးဘာမှ ပြန်မပြောသလို ... သူတို့သုံးယောက်ကြားမှာလည်း အတွေးကိုယ်စီဖြင့် ခဏတာ တိတ်ဆိတ်သွားသည်။

"ကဲ ... ယမုံ ... အအေးလေးသောက် ... ပြောပါဦး ငါ့ကို ဘာတွေများအရေးကြီးလို့ တွေ့ချင်ရတာလဲ ... "

"ကြွေ နင်လက်ထပ်တော့မယ်ဆို ဟုတ်လား ..."

"ဟုတ်တယ် ယမုံ ... ဘာလို့လဲ ..."

"ဒါဆို ... ဒီသတင်းက အမှန်ပေါ့ ..."

"အမှန်ပဲ ... ဒါနဲ့နေပါဦး နင်ဘယ်က ကြားလာတာလဲ ..."

"နင်ကလည်းဟာ ... ဒီအကြောင်းတွေက လွှန်ခဲ့တဲ့ ၂ရက်လောက် ကတည်းက ပြန့်နေတာ "

ယမုံ့ စကားကြောင့် ကြွေ အံ့ဩသွားသည်။ ဟုတ်တယ်လေ ... သူတောင် မနေ့ကမှ မေမေပြောလို့ သိတဲ့ဟာကို အခုတော့ ၂ရက်လောက်တောင် ရှိနေပြီလား ...

"ဘယ်လို ... ယမုံ ... လွန်ခဲ့တဲ့ ၂ရက်လောက် ကတည်းက ဟုတ်လား ..."

"ဟုတ်တယ် ... နင်မသိဘူးလား ကြွေ ..."

"အမှန်တိုင်းပြောရရင် ငါမနေ့က မေမေပြောမှသိတာ"

"အင်း ... ဒါဆိုဒီသတင်းက ... တိုးတိုးတိတ်တိတ် ပြန့်နေတာနေမှာ ..."

"ဟုတ်မှာပေ့ါ ..."

ကြွေပြောရင်း အသံတိမ်ဝင်သွားသည်။

"ဩော် ... ဒါနဲ့ကြွေ ... "

ယမုံခေါ်တာကြောင့် ဘာလဲဆိုတဲ့ သဘောနဲ့ကြွေ မော့ကြည့်လိုက်သည်။

"နင် ... ခန့်သော်ကို ဘယ်လိုလုပ်မှာလဲ ..."

"ဘယ်လိုလုပ်ရမှာလဲ ယမုံ သူနဲ့ငါက အစကတည်းက ဘာမှ မှမပတ်သက်ပဲ ... အရင်ကတည်းက မိတ်ဆွေတွေလေ ..."

"ဒါပေမဲ့ သူက နင့်ကို ..."

ကြွေ ယမုံစကားမဆုံးခင် ... လက်ကာပြလိုက်ပြီး ...

"တော်တော့ယမုံ ... ငါအစကတည်းက သူ့ကိုအပြတ်ငြင်းပြီးသား ... ဒါကို သူကဆက်လိုက်နေတာ ... နင့်ကိုလည်း ငါပြောမယ် နင်ရယ် ငါရယ်က သူငယ်ချင်းနော် ... နင့်အကြောင်း ငါသိပါတယ် ... နင်ခန့်သော်ကို

စိတ်ဝင်စားနေတယ်ဆိုတာ ... ငါရှင်းအောင်ပဲပြောမယ် ... နင့်စိတ်ကို အပင်ပန်းခံပြီး လိုက်အောင်သွယ်မနေနဲ့ ယမုံ ... ငါအခု မေမေတို့ပေးစားမယ့် သူကိုချစ်တယ် ... သူနဲ့ လက်ထပ်ပြီး သာယာတဲ့ဘဝကို တည်ဆောက်မှာ ... နင်လည်းခန့်သော်ကို ချစ်နေတာပဲ သူရိပ်မိအောင် နင်ကြိုးစားပေါ့ ... အခုလိုမျိုး နင် အပင်ပန်းမခံရပါဘူး ..."

ယမုံ ... ကြွေ့စကားကြောင့် ဝမ်းသာလွန်းလို့ မျက်ရည်ကျကာ ... ကြွေ့ကို ဖက်လိုက်သည်။

"ကြွေရယ် ... နင်ကလေ ... ငါဘယ်လိုပြောရမှန်း မသိတော့ဘူး ... "

"ဘယ်လိုမှ မပြောပါနဲ့ ယမုံ ..."

သူငယ်ချင်း နှစ်ယောက် တစ်ယောက်ငိုနေတာကို တစ်ယောက်ကဖက်ရင်း နှစ်သိမ့်နေသည်။

ထိုအဖြစ်ပျက်ကိုမြင်ပြီး ... စိတ်ထဲက ခံစားချက်တချို့နဲ့ လှည့်ထွက်သွားတဲ့ လူကို ဆိုင်ဝန်ထမ်းတွေကလွဲပြီး ကြွေတို့က ဘယ်သူမှန်း မသိလိုက်သလို ... မြင်လည်းမမြင်လိုက်ပါ။

***